၈။ နာမျိုး ရပိုင်ခွင့်နှင့် တာဝန်များဆိုင်ရာ စည်းမျဉ်းဥပဒေ

Pennsylvania ကျန်းမာရေး စောင့်ရှောက်ဌာန (UPHS) တက္ကသိုလ်အတွင်း ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်လုပ်ဆောင်ချက်တစ်ရပ်အဖြစ် သင်၏နေထိုင်ကုသမှုကို အတတ်နိုင်ဆုံး စိတ်ချမ်းသာမှုရှိစေရန်အတွက် ကျွန်ုပ်တို့၏ လူနာဖြစ်သည့် သင့်ကို ကောင်းမွန်သည့် ဆေးဝါး စောင့်ရှောက်မှုပေးအပ်ရန် ကတိပြုထားပါသည်။ ဤဌာနရှိ စီမံကြိုးကြုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများမှ ပြဋ္ဌာန်းအတည်ပြုထားသည့် အောက်ပါ "လူနာ အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်" သည် လူနာအားလုံးသို့ အကျုံးဝင် ကျင့်သုံးထားပါသည်။ ဤအခွင့်အရေးများကို သင်ကိုယ်တိုင်အတွက် ကျင့်သုံးမှုပြုနိုင်သည့်အခါမျိုးတွင် အဆိုပါ အခွင့်အရေးများသည် သင်၏ရွေးချယ်သတ်မှတ်ထားသည့် တရားဝင် ခွင့်ပြုထားသော ကိုယ်စားလှယ်များအတွက် ကျင့်သုံးပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် ကျွန်ုပ်တို့၏ စွမ်းရည်၊ မက်ရှင်လုပ်ဆောင်ချက်နှင့် သဘောထား ခံယူချက်တို့အတွင်း ထိရောက်မှုရှိပြီး အရေးထားမှုရှိသည့် ဆေးဝါးကုသစောင့်ရှောက်မှု ပေးအပ်နိုင်စေရန်ဖြစ်သည့်အတွက် ဤအချက်များကို ကျွန်ုပ်တို့၏ မူဝါဒ ထုတ်ပြန်ချက်တစ်ရပ်အဖြစ် သင့်ထံသို့ တင်ပြအပ်ပါသည်။

လူနာ အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်

သင်ဆေးရုံတက်နေစဉ်ကာလတလျှောက် ဖြစ်နိုင်သလောက် အစောဆုံးအချိန်၌ သင် သို့မဟုတ် သင့်လျော်ပါက သင်မှ သတ်မှတ်ပေးထားသော/ဥပဒေအရ အခွင့်အာဏာပေးထားသော ကိုယ်စားလှယ်သည် သင်၏အခွင့်အရေးများအကြောင်း အသိပေးခံရပိုင်ခွင့်ရှိပါသည်။

သင့်ယဉ်ကျေးမှုနှင့် ကိုယ်ရေးသီးခြား တန်ဖိုးများနှင့် ယုံကြည်ကိုးကွယ်မှုစနစ်ဆိုင်ရာ အချက်အလက်များကို ထင်ဟပ်မှုရှိပြီး သင်၏ စိတ်ချမ်းသာမှုနှင့် ဂုဏ်သိက္ခာကို ဆောင်ကြဉ်းပေးသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များမှ ပေးအပ်သော အလေးထား စောင့်ရှောက်မှု လက်ခံရယူခွင့်ရှိပါသည်။

သင်ဆေးရုံတက်ရကြောင်းကို သင့်စိတ်ကြိုက် မိသားစုဝင် သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးနှင့် သင့်ကိုယ်ပိုင် သမားတော်တစ်ဦးတို့ထံ ချက်ချင်းအသိပေးပိုင်ခွင့်ရှိပါသည်။

သင်၏စောင့်ရှောက်မှုတွင် တိုက်ရိုက်ပါဝင်နေသည့် သင် ကုသမှုခံယူနေသော ဆရာဝန်၏ အမည်များ၊ အခြား ဆရာဝန် (သို့) ဆေးဆရာဝန်အားလုံး၏ အမည်များနှင့် သင်နှင့်တိုက်ရိုက် ဆက်သွယ်နေသည့် အခြားသော ကျန်းမာရေး စောင့်ရှောက်ပေးသူများ၏ အမည်များနှင့် ကဏ္ဍများကို မေတ္တာရပ်ခံ တောင်းခံချက်အပေါ် မူတည်၍ ပေးဝေခွင့်ရှိပါသည်။

သင့်ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်နှင့်ပါတ်သက်သည့် ထည့်သွင်းစဉ်းစားရမည့် သီးသန့်ဖြစ်မှုတိုင်းအတွက် ရပိုင်ခွင့်ရှိပါသည်။ ရောဂါဆိုင်ရော ဆွေးနွေးခြင်း၊ တိုင်ပင် ဆွေးနွေးခြင်း၊ ရောဂါစစ်ဆေးခြင်းနှင့် ကုသခြင်းတို့ကို စောင့်စည်းအပ်မှုအဖြစ် ထည့်သွင်းစဉ်းစားပြီး ကျိုးကြောင်းဆင်သင့်လျော်သည့် မြင်နိုင်ကြားနိုင်သော သီးသန့်ဖြစ်မှု ရရှိနိုင်သည့် အခါ ပေးအပ်လျှက် သို့သိပ်မှုရှိစွာ လုပ်ဆောင်ပါသည်။ ဤအချက်တွင် ကိုယ်ခန္ဓာ ရောဂါစစ်ဆေးမှုများ၊ ကုသမှုများ (သို့) လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နေစဉ် ရောဂါ ရှာဖွေစစ်ဆေးမှု လုပ်ငန်းစဉ်များ (သို့) ကုသမှုတို့တွင် နောင်ယှက်မှု မပြုလုပ်သ၍ မေတ္တာရပ်ခံ တောင်းဆိုထားသည့် အခါ တစ်စုံတစ်ယောက် အတူပါရှိလာခွင့် ပါဝင်ပါသည်။ ဤအချက်တွင် အခန်းမှ အခြားလူနာ (သို့) ဧည့်သည်တစ်ဦးသည် သင့်ကို မတော်မတရား နောင့်ယှက်နေပြီး သင့်စောင့်ရှောက်မှုအတွက် အလားတူ သင့်လျော်သည့် အခြားအခန်းရရှိနိုင်လျှင် အခန်း ပြောင်းရွှေ့မှု တောင်းဆိုပိုင်ခွင့်လည်း ပါဝင်ပါသည်။

ဥပဒေနှင့် ကြားခံအဖွဲ့ စာချုပ်စာတမ်းဆိုင်ရာ စီမံလုပ်ဆောင်ချက်များမှ ဖော်ပြထားသော်လည်း စောင့်စည်းအပ်မှု ခြွင်းချက်အဖြစ် မှတ်ယူထားသည့် သင်၏ ဆေးဝါး စောင့်ရှောက်မှုနှင့်ပါတ်သက်သော မှတ်တမ်းများ အပါအဝင် အချက်အလက်အားလုံး ရရှိပိုင်ခွင့်ရှိပါသည်။

လူနာတစ်ဦးအဖြစ် ဆက်ဆံလုပ်ဆောင်မှုဆိုင်ရာ ဆေးရုံမှ မူဝါဒများ၊ စည်းမျဉ်းများနှင့် ထိန်းချုပ်ချက်များကို သိရှိပိုင်ခွင့်ရှိပါသည်။

မလိုလားအပ်သည့် နောင့်နေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ပေးမည့် အရေးပေါ် လုပ်ထုံးလုပ်နည်းများ ချမှတ်လင့်ရရှိပိုင်ခွင့်ရှိပါသည်။

စဉ်ဆက်မပြတ် ထိန်းသိမ်းသုံးသပ်နေသည့် အရည်အသွေး ကောင်းမွန်သော စောင့်ရှောက်မှုနှင့် အဆင့်မြင့် စံညွှန်းများ ရရှိပိုင်ခွင့်ရှိပါသည်။

အခြား ကုသထုံးများနှင့် ဖြစ်နိုင်ခြေ နောက်ဆက်တွဲ ပြဿနာများအကြောင်း သတင်းအချက်အလက်များ အပါအဝင် ရောဂါ ရှာဖွေစစ်ဆေးမှု၊ ဆေးဝါးကုသမှုနှင့် ရောဂါအလားအလာတို့နှင့်ပါတ်သက်သည့် အချက်အလက် အပြည့်အစုံတို့ကို သာမန်အရပ်သား နားလည်နိုင်သည့် ရှင်းလင်းဖော်ပြချက် ရရှိပိုင်ခွင့်ရှိပါသည်။ သင့်ကို ဖော်ပြရမည့် အချက်အလက်သည် ဆေးပညာအားဖြင့် မသင့်လျော်သည့်အခါ အချက်အလက်များကို သင်ရွေးချယ်သတ်မှတ်ထားသည့်/တရားဝင် လုပ်ပိုင်ခွင့်ပြုထားသော ကိုယ်စားလှယ်ထံသို့ သင့်ကိုယ်စား ပေးအပ်ပါသည်။ အရေးပေါ် အခြေအနေများမှလွဲ၍ လုပ်ထုံးလုပ်နည်း (သို့) ကုသမှု (သို့) ၎င်းတို့နှစ်ခုစလုံး စတင်ရန်အတွက် ဆရာဝန်သည် လိုအပ်သည့် အသိပေးထားသော သဘောတူ ခွင့်ပြုချက်ကို ဦးစွာ ရယူရမည်ဖြစ်ပါသည်။

သင် (သို့) သင်ရွေးချယ်သတ်မှတ်ထားသည့်/တရားဝင် လုပ်ပိုင်ခွင့်ပြုထားသော ကိုယ်စားလှယ်သည် ပရိဂရမ်တစ်ခုတွင် အမှန်တစ်ကယ် ပါဝင်လုပ်ဆောင်ရန် ရှေးဦးစွာ အသိပေး သဘောတူခွင့်ပြုမှုမရှိလျှင် စမ်းသပ်လေ့လာမှုများ၊ သုတေသန (သို့) အလျှုရှင် ပရိဂရမ် သို့မဟုတ် ပညာပေးလှုပ်ရှားမှု တစ်ခုခုတို့တွင် မပါဝင်ပိုင်ခွင့်ရှိပါသည်။ သင် (သို့) သင်ရွေးချယ်သတ်မှတ်ထားသည့်/တရားဝင် လုပ်ပိုင်ခွင့်ပြုထားသော ကိုယ်စားလှယ်သည် အသိပေး သဘောတူခွင့်ကို ယခင်က ပေးအပ်ထားသည့် ပရိဂရမ်တစ်ခုခုတွင် ဆက်လက်ပါဝင်ရန် အချိန်မလွှေး ငြင်းဆိုနိုင်ပါသည်။ သင် သို့မဟုတ် သင်ရွေးချယ်သတ်မှတ်ထားသည့်/ တရားဝင် လုပ်ပိုင်ခွင့်ပြုထားသော ကိုယ်စားလှယ်သည် သဘောတူခွင့်ပြုချက် ပေးနိုင်စွမ်းမရှိပါက လေ့ကျင့် လုပ်ဆောင်သူသည် လူနာအား ဆေးဝါးသုတေသန ပရိဂရမ် သို့မဟုတ် အလျှုရှင် ပရိဂရမ်အတွက် စဉ်းစားချိန်၌ တာဝန်ရှိသူအနေဖြင့် အကြံပြုခံရပိုင်ခွင့်ရှိပြီး ပရိဂရမ်တွင်း အမှန်တကယ် ပါဝင်ခြင်းမပြုမီ သင် သို့မဟုတ် တာဝန်ရှိသူသည် အသိပေးသဘောတူခွင့်ပြုချက် ပေးအပ်သင့်ပါသည်။ သင် သို့မဟုတ် တာဝန်ရှိသူသည် သင်မှ အသိပေးသဘောတူခွင့်ပြုချက် ပေးထားသည့် ပရိဂရမ်အတွင်း ဆက်လက်ပါဝင်ခြင်း မပြုရန် ငြင်းဆိုနိုင်ပါသည်။

ဆေးဝါး စောင့်ရှောက်မှု ခံယူရန် (သို့) ဥပဒေမှ ခွင့်ပြုထားသည့်အတိုင်း ဌာနမှ လုပ်ဆောင်နေသည့် ဆေးဝါးများ၊ ကုသမှု (သို့) လုပ်ထုံးလုပ်နည်း စတစ်စုံတစ်ရာကို ငြင်းဆိုပိုင်ခွင့်ရှိပြီး ယင်းကဲ့သို့ ငြင်းဆိုလိုက်ရာမှ ဇနာဂတ်ဆက်တွဲ ဆေးဝါး အကျိုးဆက်များကို ဆရာဝန်တစ်ဦးက အသိပေးမည်ဖြစ်သည်။

သင်၏ တောင်းခံမှုနှင့် အကုန်အကျခံမှုတို့ဖြင့် အခြား ဆရာဝန်နှင့်အတူ ဆွေးနွေးတိုင်ပင်မှု ပြုလုပ်ရာတွင် အကူအညီရရှိပိုင်ခွင့်ရှိပါသည်။

သင့်အခွင့်အရေးကို ထိရောက်စွာအသုံးပြုပြီး ကိုယ်ရေး အဆင်မပြေမှု မရှိစေရန်ထည့်တွက်လျက် ဤကျန်းမာရေး စောင့်ရှောက်မှုဌာနအတွင်း ပေးအပ်သွားမည့် ကောင်းမွန်သည့် စီမံလုပ်ဆောင်မှု နည်းစနစ်များ ဖျော်လင့်ပိုင်ခွင့်ရှိပါသည်။

ရောဂါရာဖွေစစ်ဆေးပြီး သင့်ဌေတောင်းခံလွှာ၏ အသေးစိတ် အချက်အလက်များ ဖော်ပြချက်တစ်ရပ် ရရှိပိုင်ခွင့်ရှိပါသည်။

သင်၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် သိရှိထားသည့် ဌေကြေးရငြင်းမြစ်များ ရရှိနိုင်မှုနှင့်ပါတ်သက်သည့် အချက်အလက် အပြည့်အစုံနှင့် ဆွေးနွေးလမ်းညွှန်မှု ရရှိပိုင်ခွင့်ရှိပါသည်။

ကျန်းမာရေး စောင့်ရှောက်ဌာနသည် ဆေးရုံဆင်းပြီးနောက် ကျန်းမာရေး စောင့်ရှောက်မှုများ ဆက်လက်လုပ်ဆောင်မှု ရပ်နားရန် လိုအပ်ချက်များနှင့် ငင်းတို့နှင့် တွေ့ဆုံရန် ဆိုလိုချက်များကို သင့်အတွက် ဖော်ပြပေးမည့် ယန္တရားတစ်ခု ပေးအပ်သွားလိမ့်မည်ဟု မျှော်လင့်ပိုင်ခွင့်ရှိပါသည်။

စောင့်ရှောက်မှု စိုးရိမ်ချက်များ၊ အကျုံးဝင်မှု ဆုံးဖြတ်ချက်များနှင့် သင်၏ ဆေးရုံဆင်းမှုနှင့်ပါတ်သက်သည့် စိုးရိမ်ချက် အခြေအနေတို့ကို ပြန်လည်သုံးသပ်ပိုင်ခွင့်ရှိပါသည်။

သင့်ကိုယ်စား ကူညီလုပ်ဆောင်ရန် (သို့) ဤကဏ္ဍတွင်ပါရှိသည့် ရပိုင်ခွင့်အစုံကို ကာကွယ်ရန်ခွင့်ပြုထားသော တသီးပုဂ္ဂလ (သို့) အေဂျင်စီအဖွဲ့တစ်ခု လက်ခံရရှိပိုင်ခွင့်ကို ငြင်းဆိုရှု မရနိုင်ပါ။

သင့်ရွေးချယ်မှုအရ မိသားစုဝင် (သို့) ကိုယ်စားလှယ်တစ်ဦးနှင့် သင်၏ ဆေးရုံတက်ရမှုကို ချက်ချင်း အသိပေးထားသည့် သင့်ဆရာဝန်ကို ရရှိပိုင်ခွင့်ရှိပါသည်။

အသက်အရွယ်၊ လိင်၊ လူမျိုး၊ အသားအရောင်၊ လူမျိုးစုဖြစ်တည်မှု၊ ဘာသာ၊ လိင်ကွဲပြားမှု၊ မသန်စွမ်းမှု၊ မျိုးရိုး၊ မူရင်း နိုင်ငံသား၊ အိမ်ဆောင်ရှိမရှိ၊ မိသားစု အခြေအနေ၊ မျိုးရိုးဗီဇ အချက်အလက်၊ လိင် အမှတ်အသား (သို့) ဖော်ပြချက်၊ လိင် တိမ်းညွတ်မှု၊ ယဉ်ကျေးမှု၊ အာသာစကား၊ လူမှုစီးပွားရေး အခြေအနေ၊ အိမ်တွင်း (သို့) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု အခြေအနေ၊ ဝင်ငွေရင်းမြစ် (သို့) ငွေကြေးရင်းမြစ် တို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုမရှိဘဲ ဆေးဝါးနှင့် သူနာပြု ဇစောင့်ရှောက်မှု ရရှိပိုင်ခွင့်ရှိပါသည်။

သင့်လျော်သည့် နာကျင်မှုဝေဒနာ စစ်ဆေးအကဲဖြတ်ခြင်းနှင့် စီမံလုပ်ဆောင်မှု ရရှိပိုင်ခွင့်ရှိပါသည်။

သင်၏ ကျန်းမာရေး စောင့်ရှောက်မှုပါဝင်သည့် ဆုံးဖြတ်ချက်များချမှတ်ရန် သင့်ဆရာဝန် (သို့) ကျန်းမာရေး စောင့်ရှောက်ပေးသူနှင့် ပူးပေါင်းလုပ်ဆောင်ပိုင်ခွင့်ရှိပါသည်။ ဤရပိုင်ခွင့်သည် မိသားစု နှင့်/သို့မဟုတ် မွေးကင်းစ ကလေးများ၊ ကလေးသူငယ်များနှင့် အရွယ်မရောက်သေးသည့် ကလေးများ၏ အုပ်ထိန်းသူအတွက် အကျုံးဝင်ပါသည်။ ဆုံးဖြတ်ချက်တို့တွင် ဥပဒေမှခွင့်ပြုထားသည့် အတိုင်းအတာအရ ဆေးရုံမှ ကမ်းလှမ်းလုပ်ဆောင်နေသည့် ဆေးဝါးများ၊ ကုသမှု (သို့) လုပ်ထုံးလုပ်နည်းကဲ့သို့တို့ကို ငြင်းဆိုပိုင်ခွင့် ပါဝင်နိုင်ပါသည်။

ဤကျန်းမာရေး စောင့်ရှောက်ဌာနသည် သင်၏ စောင့်ရှောက်မှုနှင့် ကုသမှုတို့ကို ဖြစ်နိုင်သည့် အများဆုံး ပမာဏသို့ ပါဝင်လုပ်ဆောင်ပိုင်ခွင့်ကို အသိအမှတ်ပြုထားပြီး ဤဌာနအောက်တွင် သင့်အနေဖြင့် မလုပ်ဆောင်နိုင်သည့် အခြေအနေများ ရှိပါသည်။ ယင်းကဲ့သို့ အခြေအနေများတွင် (ဥပမာ လျာထားသည့် ကုသမှု (သို့) လုပ်ထုံးလုပ်နည်းကို ဆေးပညာအားဖြင့် နားလည်နိုင်စွမ်းမရှိဟု သင့်ဆရာဝန်က တွေ့ရှိထားပြီး သင့်ကို အရည်အချင်းမပြည့်မီဟု ဥပဒေနှင့်အညီ အကဲဖြတ်ထားလျှင်၊ ကုသမှုနှင့်ပါတ်သက်၍ သင့်ဆန္ဒကို မသိရှိရလျှင် (သို့) အုပ်ထိန်းမှုခံ အသက်အပြည့်သေးသူဖြစ်လျှင်) သင့်အခွင့်အရေးများကို ဥပဒေ၊ သင်ရွေးချယ်သတ်မှတ်ထားသည့် ကိုယ်စားလျှယ် (သို့) အခြား တရားဝင် ခွင့်ပြုထားသူမှ ခွင့်ပြုသည့် အတိုင်းအတာအထိ ကျင့်သုံးသွားမည်ဖြစ်သည်။

ပြစ္စဒေတ္တရှောက် ရေး ဝန်ဆောင်မှုများ မပြုလုပ်ခြင်း (သို့) အထက်ဖော်ပြပါ (သို့) အသက်ကယ်ဆယ် ကုသမှု ရုတ်သိမ်းခြင်းတို့နှင့်ပါတ်သက်သည့် ဆုံးဖြတ်ချက်များကို ဤဌာန၏ ဥပဒေနှင့် မူဝါဒ ကန့်သတ်ချက်တို့အတွင်း ပြုလုပ်ပိုင်ခွင့်ရှိပါသည်။

ဘေးကင်းသည့် အခြေအနေတစ်ခုတွင် စောင့်ရှောက်မှု ရယူပိုင်ခွင့်ရှိပြီး ချိုးဖောက်မှုနှင့် နောင့်ယှက်မှုပုံစံ အလုံးစုံတို့မှ ကင်းရှင်းမှုရှိပါသည်။

ဝန်ထမ်းများမှ အကြပ်ကိုင်မှု၊ ပြစ်ဒဏ်ပေးမှု၊ အဆင်ပြေချောမွေ့မှု (သို့) လက်တုန့်ပြန်မှုတစ်ခုအဖြစ် ဆေးပညာအရ မလိုအပ်သော (သို့) အသုံးမပြုသော ကန့်သတ်ထိမ်းချုပ်မှုနှင့် ထိမ်းသိမ်းထားမှုတို့မှ ကင်းဝေးပိုင်ခွင့်ရှိပါသည်။

သင့်စောင့်ရှောက်မှုတွင် တိုက်ရိုက်ပါဝင်သူ တာသီးပုဂ္ဂလများ၊ စောင့်ရှောက်မှု အရည်အသွေးကို စောင့်ကြည့်နေသည့် တာသီးပုဂ္ဂလများ (သို့) ဥပဒေ (သို့) ထိန်းချုပ်ချက်မှ ခွင့်ပြုထားသည့် တာသီးပုဂ္ဂလများမှသာလျှင် သင်၏ ဆေးဝါးမှတ်တမ်းကို ဖတ်ရှုပိုင်ခွင့်ရှိပါသည်။

သင်၏ ကိုယ်ရေးသီးသန့် ကျန်းမာရေး အချက်အလက်များကို Penn Medicine ရှိ အဖွဲ့အစည်းများတစ်ခွင်နှင့် Penn Medicine ပြင်ပရှိ အခြား ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်သူများနှင့် မည်သို့ အသုံးပြုပြီး မျှဝေမည်ဟုတို့ကို ရှင်းလင်းဖော်ပြထားသော ရေးသား ကြေညာချက် လက်ခံရရှိပိုင်ခွင့်ရှိသည်။ ဆေးဝါးဆိုင်ရာ အကြောင်းအချက်ရှိသည့်အတွက် အချက်အလက် ရယူမှုကို ဥပဒေအရခွင့်ပြုထားသော ဆေးဝါးကုသနေသည့် ဆရာဝန်မှ သီးခြား ကန့်သတ်ထားမှုမရှိလျှင် သင် (သို့) သင်ရွေးချယ်သတ်မှတ်ထားသည့်/တရားဝင် လုပ်ပိုင်ခွင့်ပြုထားသော ကိုယ်စားလှယ်သည် သင်၏ ဆေးဝါးမှတ်တမ်းများတွင် ပါဝင်သည့် အချက်အလက်အားလုံးကို မေတ္တာရပ်ခံ တောင်းဆိုချက်အားဖြင့် ရရှိနိုင်ပါသည်။

လိုရင်းတိုရှင်းပြီး နားလည်လွယ်သည့်ပုံစံဖြင့် ဆက်ဆံပြောဆိုလာမှုကို ရပိုင်ခွင့်ရရှိပါသည်။ အင်္ဂလိပ် ဘာသာစကား မပြောဆိုလျှင် စကားပြန် တစ်ဦး ရရှိနိုင်သည့်အခါ အခမဲ့ ရရှိမည်ဖြစ်ပါသည်။ ဤအချက်တွင် သင့်အနေဖြင့် အခြေ၊ ပြောဆိုမှု၊ အကြား (သို့) သိမြင်မှု ချို့ယွင်းနေလျှင် အကူအညီ ပေးအပ်ခြင်းလည်း ပါဝင်ပါသည်။

သင်၏ စောင့်ရှောက်မှုဝန်ကျင်မှ လူမျိုးစုဆိုင်ရာ အရေးကိစ္စများကို ထည့်သွင်းစဉ်းစားရာတွင် ယင်းကဲ့သို့ အရေးကိစ္စများကို သုံးသပ်လုပ်ဆောင်ရန် ဤအဖွဲ့အစည်းမှ ထူထောင်ထားသည့် လုပ်ငန်းဘောင်အတွင်း ပါဝင်ပိုင်ခွင့်ရှိပါသည်။

သင်၏စောင့်ရှောက်မှုနှင့် စပ်လျဉ်းပြီး တိုက်ကြားချက်များနှင့် မကျေနပ်ချက်များကို လက်စားချေခြင်း မခံရဘဲ ပြောဆိုပိုင်ခွင့်ရှိပါသည်။ အဆိုပါ တိုင်ကြားချက်များနှင့် မကျေနပ်ချက်များကို စီစစ်သုံးသပ်ပြီး ဖြစ်နိုင်ပါက ဖြေရှင်းချက်ရပိုင်ခွင့်ရှိပါသည်။

ကျန်းမာရေး စောင့်ရှောက်မှု ဆုံးဖြတ်ချက်များကို သင့်ကိုယ်စား ချမှတ်ပေးရန်အတွက် ကျန်းမာရေး စောင့်ရှောက်သူ ကိုယ်စားလှယ်တစ်ဦးနှင့် ရိန်းဆိုပိုင်ခွင့်အပါအဝင် အကြို ညွှန်ကြားချက်တစ်ရပ် ဖော်ထုတ်ပိုင်ခွင့်ရှိပါသည်။ ဤဆုံးဖြတ်ချက်များကို ယခုဌာနနှင့် ငင်း၏ ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်သူများမှ ဥပဒေ ကန့်သတ်ချက်များအတွင်းနှင့် ဤအဖွဲ့အစည်း၏ မက်ရှင်လုပ်ဆောင်မှု၊ တန်ဖိုးများနှင့် ဒဿနယူဆချက်တို့အတွင်း စောင့်ထိန်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ လိုအပ်သည့်အခါ သင်၏ အကြို ညွှန်ကြားချက် မိတ္ထူတစ်စောင်ကို ဌာန (သို့) စောင့်ရှောက်သူထံသို့ ပေးအပ်ရန် တာဝန်ရှိပါသည်။

ဤဌာနတွင် စောင့်ရှောက်မှုနှင့် ကုသမှုခံယူရန်အတွက် "အကြို ညွှန်ကြားချက်" တစ်ရပ်ရှိရန် (သို့) ရယူထားရန် မလိုအပ်ပါ။

ကျွန်ုပ်တို့၏ မက်ရှင်လုပ်ဆောင်မှု (သို့) ဒဿန ယူဆချက်တို့နှင့်အတူ ပဋိပက္ခတစ်ရပ် (သို့) သင်၏ လိုအပ်ချက်များ (သို့) တောင်းဆိုချက် ပြည့်မီရန် စွမ်းဆောင်ရည်မရှိသည့်အတွက် ဤဌာနသည် စောင့်ရှောက်မှုဆိုင်ရာ တောင်းခံချက် (သို့) လိုအပ်ချက်ကို မဖြည့်ဆည်းနိုင်သည့်အခါ ဆေးကုသမှုအားဖြင့် ခွင့်ပြုထားလျှင် သင့်ကို အခြားဌာနသို့ လွှဲပြောင်းသွားနိုင်ပါသည်။ သင် (သို့) သင်ရွေးချယ်သတ်မှတ်ထားသည့်/တရား

ဝင် လုပ်ပိုင်ခွင့်ပြုထားသော ကိုယ်စားလှယ်သည် ပြောင်းရွှေ့ရန်လိုအပ်ချက်နှင့်ပါတ်သက်သည့် အချက်အလက် အပြည့်အစုံနှင့် ယင်းကဲ့သို့ လွှဲပြောင်းရန် အခြားနည်းလမ်းရွေးချယ်ရသည်ကို သိရှိထားပြီးမှသာလျှင် ဤသို့လွှဲပြောင်းမှုကို ပြုလုပ်ပါသည်။ လွှဲပြောင်းမှုကို အခြားဌာနကလည်း လက်ခံနိုင်ရမည်ဖြစ်ပါသည်။

ဤနေရာတွင် နေထိုင်စဉ်ကာလအတွင်း ဇည့်သည်များ လာရောက်မှု ရှိလို (သို့) မလိုကို ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ သင်နေထိုင်စဉ်ကာလအတွင်း လာရောက်နိုင်သူများကို သတ်မှတ်ရွေးချယ်နိုင်ပါသည်။ အဆိုပါ တသီးပုဂ္ဂလများသည် သင်နှင့် တရားဝင် ဆွေမျိုးတော်စပ်မှုရှိရန် မလိုအပ်ပါ။ ၎င်းတို့သည် ဥပမာ လိင်တူ လက်တွဲဖော်၊ အခြား မိသားစုဝင် (သို့) မိတ်ဆွေတစ်စုံတို့ အပါအဝင် ဇနီး/ခင်ပွန်း၊ အိမ်တွင်း အတူနေထိုင်သူများ ပါဝင်နိုင်ပါသည်။ ဆေးရုံသည် အတည်ပြုထားသည့် ဇည့်သည်များကို လူမျိုး၊ အသားအရောင်၊ မှရင်းနိုင်ငံသားဖြစ်တည်မှု၊ ဘာသာ၊ လိင်၊ လိင် အမှတ်အသား (သို့) ဖော်ပြချက်၊ လိင် တိမ်းညွတ်မှု (သို့) ငြင်းဆိုမှု ပြုမည်မဟုတ်ပါ။ ဆေးရုံသည် သင် (သို့) အခြားလူနာများအတွက် ပိုမိုကောင်းမွန်စွာ စောင့်ရှောက်ရန် ဇည့်သည်များကို ကန့်သတ် (သို့) တင်းကြပ်မှု လိုအပ်နိုင်ပါသည်။ ယင်းကဲ့သို့ ဆေးကုသမှုဆိုင်ရာ တင်းကြပ်မှုများ (သို့) ကန့်သတ်ချက်များကို သတိပြုပိုင်ခွင့်ရှိပါသည်။

သင်နေထိုင်စဉ်ကာလအတွင်း (သို့) ဆရာဝန်တစ်ဦးထံ (သို့) အခြားဇသာ လမ်းလျှောက်သွားရသည့် စောင့်ရှောက်ကုသမှုရယူရန် သွားရောက်စဉ် အကူတစ်ဦးအဖြစ် မိသားစုဝင်၊ မိတ်ဆွေ (သို့) အခြား ပုဂ္ဂိုလ်တစ်ဦးကို သတ်မှတ်ရွေးချယ်ပိုင်ခွင့်ရှိပါသည်။

သင်၏ မှတ်တမ်းများ၊ ဖလင်ပုံရိပ်များ (သို့) အခြား ပုံများကို သင့်ကိုယ်ပိုင်စောင့်ရှောက်မှု၊ ကုသမှု (သို့) လူနာ အမှတ်အသား ဖော်ထုတ်မှုအတွက်မှု၊ လိုအပ်ချက်များနှင့် ငင်းတို့နှင့် တွေ့ဆုံရန် ဆိုလိုချက်များကို သင့်အတွက် ဖော်ပြပေးမည့် ယန္တရားတစ်ခု ပေးအပ်သွားလိမ့်မည်ဟု မျှော်လင့်ပိုင်ခွင့်ရှိပါသည်။

စောင့်ရှောက်မှု စိုးရိမ်ချက်များ၊ အကျုံးဝင်မှု ဆုံးဖြတ်ချက်များနှင့် သင်၏ ဆေးရုံဆင်းမှုနှင့်ပါတ်သက်သည့် စိုးရိမ်ချက် အခြေအနေတို့ကို ပြန်လည်သုံးသပ်ပိုင်ခွင့်ရှိပါသည်။

သင့်ကိုယ်စား ကူညီလုပ်ဆောင်ရန် (သို့) ဤကဏ္ဍတွင်ပါရှိသည့် ရပိုင်ခွင့်အစုံကို ကာကွယ်ရန်ခွင့်ပြုထားသော တသီးပုဂ္ဂလ (သို့) အေဂျင်စီအဖွဲ့တစ်ခု လက်ခံရရှိပိုင်ခွင့်ကို ငြင်းဆိုရှု မရနိုင်ပါ။

သင့်ရွေးချယ်မှုအရ မိသားစုဝင် (သို့) ကိုယ်စားလှယ်တစ်ဦးနှင့် သင်၏ ဆေးရုံတက်ရမှုကို ချက်ချင်း အသိပေးထားသည့် သင့်ဆရာဝန်ကို ရရှိပိုင်ခွင့်ရှိပါသည်။

အသက်အရွယ်၊ လိင်၊ လူမျိုး၊ အသားအရောင်၊ လူမျိုးစုဖြစ်တည်မှု၊ ဘာသာ၊ လိင်ကွဲပြားမှု၊ မသန်စွမ်းမှု၊ မျိုးရိုး၊ မူရင်း နိုင်ငံသား၊ အိမ်ဆောင်ရှိမရှိ၊ မိသားစု အခြေအနေ၊ မျိုးရိုးဗီဇ အချက်အလက်၊ လိင် အမှတ်အသား (သို့) ဖော်ပြချက်၊ လိင် တိမ်းညွတ်မှု၊ ယဉ်ကျေးမှု၊ အာသာစကား၊ လူမှုစီးပွားရေး အခြေအနေ၊ အိမ်တွင်း (သို့) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု အခြေအနေ၊ ဝင်ငွေရင်းမြစ် (သို့) ငွေကြေးရင်းမြစ် တို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုမရှိဘဲ ဆေးဝါးနှင့် သူနာပြု ဇစောင့်ရှောက်မှု ရရှိပိုင်ခွင့်ရှိပါသည်။

သင့်လျော်သည့် နာကျင်မှုဝေဒနာ စစ်ဆေးအကဲဖြတ်ခြင်းနှင့် စီမံလုပ်ဆောင်မှု ရရှိပိုင်ခွင့်ရှိပါသည်။

သင်၏ ကျန်းမာရေး စောင့်ရှောက်မှုပါဝင်သည့် ဆုံးဖြတ်ချက်များချမှတ်ရန် သင့်ဆရာဝန် (သို့) ကျန်းမာရေး စောင့်ရှောက်ပေးသူနှင့် ပူးပေါင်းလုပ်ဆောင်ပိုင်ခွင့်ရှိပါသည်။ ဤရပိုင်ခွင့်သည် မိသားစု နှင့်/သို့မဟုတ် မွေးကင်းစ ကလေးများ၊ ကလေးသူငယ်များနှင့် အရွယ်မရောက်သေးသည့် ကလေးများ၏ အုပ်ထိန်းသူအတွက် အကျုံးဝင်ပါသည်။ ဆုံးဖြတ်ချက်တို့တွင် ဥပဒေမှခွင့်ပြုထားသည့် အတိုင်းအတာအရ ဆေးရုံမှ ကမ်းလှမ်းလုပ်ဆောင်နေသည့် ဆေးဝါးများ၊ ကုသမှု (သို့) လုပ်ထုံးလုပ်နည်းကဲ့သို့တို့ကို ငြင်းဆိုပိုင်ခွင့် ပါဝင်နိုင်ပါသည်။

ဤကျန်းမာရေး စောင့်ရှောက်ဌာနသည် သင်၏ စောင့်ရှောက်မှုနှင့် ကုသမှုတို့ကို ဖြစ်နိုင်သည့် အများဆုံး ပမာဏသို့ ပါဝင်လုပ်ဆောင်ပိုင်ခွင့်ကို အသိအမှတ်ပြုထားပြီး ဤဌာနအောက်တွင် သင့်အနေဖြင့် မလုပ်ဆောင်နိုင်သည့် အခြေအနေများ ရှိပါသည်။ ယင်းကဲ့သို့ အခြေအနေများတွင် (ဥပမာ လျာထားသည့် ကုသမှု (သို့) လုပ်ထုံးလုပ်နည်းကို ဆေးပညာအားဖြင့် နားလည်နိုင်စွမ်းမရှိဟု သင့်ဆရာဝန်က တွေ့ရှိထားပြီး သင့်ကို အရည်အချင်းမပြည့်မီဟု ဥပဒေနှင့်အညီ အကဲဖြတ်ထားလျှင်၊ ကုသမှုနှင့်ပါတ်သက်၍ သင့်ဆန္ဒကို မသိရှိရလျှင် (သို့) အုပ်ထိန်းမှုခံ အသက်အပြည့်သေးသူဖြစ်လျှင်) သင့်အခွင့်အရေးများကို ဥပဒေ၊ သင်ရွေးချယ်သတ်မှတ်ထားသည့် ကိုယ်စားလျှယ် (သို့) အခြား တ